ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့ (6-7-2010) (၆၄၅၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T (Build Operate Transfer) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၇/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၇၇/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်)

မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံတိုင်တာဝါ၊ တိုက်(အေ)၊ အခန်း(၃၀၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီ၏ မှတ်ပုံတင်အမှတ်မှာ(၃၄) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြို တိုင်းရင်းသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၇၈/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်)

မြို တိုင်းရင်းသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ စက်ရုံစုရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ် (၆၂၅) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြို တိုင်းရင်းသားပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြို တိုင်းရင်းသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ(၃၅) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေးမုံ
The Mirror

၆-၇-၂၀၁၀
(အင်္ဂါနေ့)

အမျိုးသမီးများဘဝ လှပအောင် စွမ်းစွမ်းတမံ ကြိုးပမ်းရှက်ဆောင်

မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အလာကောင်းရှိသူများ ဖြစ်သည်။ မိခင်စိတ်ဓာတ်နှင့် မေတ္တာတရား ရှေ့ထား၍ အများအကျိုး သယ်ပိုးထမ်းဆောင်နိုင်သည့် အရည်အချင်းရှိသည်။ အိမ်ထောင့်တာဝန်များမှသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများအထိ အမျိုးသားများနှင့် တန်းတူရည်တူ စွမ်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ လူဦးရေထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သည်နှင့်အညီ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးများ လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းထားရှိပြီ။ အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့်အညီ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း၍ လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်နေကြပြီ။

အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသည်။ ကျောင်းပြင်ပ ပညာရေး၊ စာတတ်မြောက်ရေး စဉ်ဆက်မပြတ်ပညာရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ ရောဂါကူးစက်မှု တားဆီးကာကွယ်ရေး၊ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ရေးစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်နေကြပြီဖြစ်သည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများဖြင့်လည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် မြန်မာအမျိုးသမီးများ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းရေးတို့တွင်လည်း ပညာပေးစည်းရုံးနေကြပေပြီ။

မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည်မြင့်မားသည်။ သမိုင်းစဉ်တစ်လျှောက် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးခဲ့ကြသည့် အစဉ်အလာရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့်အတူ အမျိုးသမီးထုတစ်ရပ်လုံးက မြန်မာအမျိုးသမီးများဘဝ လှပရေး၊ မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးရှေ့၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက စိန်တလုံး သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် စိုက်ကွက်များအတွင်း နှစ်ရှည်သီးပင်၊ စားပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံး သရက်ပင်စုစုပေါင်း ၆၇၀ စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ အထက ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းဆိုင်းဘုတ်နှင့် နှစ်ထပ်ကျောင်းဆောင်သစ်ကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦး၊ မအူပင်ခရိုင် ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းကြည်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နှစ်ထပ်စာသင်ကျောင်းဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)က မအူပင်မြို့နယ် ပညာရေးမှူး ဦးစိုးမြင့်သန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကျောင်းရွာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခြင်းနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဧည့်သည်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းများမှ အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ငါးလွှာရှိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရုံးခန်း၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်(အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)က အဖွင့်အမှာစကားပြောကြားပြီး အသင်း အတွင်းရေးမှူး ဦးကျော်ဝင်း(ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)က အသင်း၏ ရွှေလုပ်ငန်းစဉ်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်(ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)က အထွေထွေကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းတင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းတို့က လုပ်ငန်းအခြေအနေအရပ်ရပ်ကို တင်ပြဆွေးနွေးညှိနှိုင်းကြပြီး အစည်းအဝေး၏ အတည်ပြုဆုံးဖြတ်ချက် ရယူကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသူတော်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကနောင်အသင်း(ရန်ကုန်) အလှူပွဲနှင့် မိတ်ဆုံစားပွဲ

ရန်ကုန် ဇူလိုင် ၅

ကနောင်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် အလှူပွဲနှင့် မိတ်ဆုံစားပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော နေရာ၌ ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်တွင် အသင်းသား၊ အသင်းသူနှင့် မိသားစုများသာမက ဒေသခံအသင်းမဝင်ရသေးသူများပါ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် မိတ်ဆုံစားပွဲနှင့် ကံစမ်းမဲနှိုက်ပွဲများကို ကျင်းပပေးမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။

လှူဒါန်းလိုသူများသည် ဦးတင်ဝင်း(ဥက္ကဋ္ဌ)ဖုန်း-၀၁-၂၉၂၂၁၃၊ ၀၉-၅၀၁၅၀၄၉၊ ဦးအောင်ထွန်းကြည် (ဒု-ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁၂၁၀၂၈၊ ၀၁-၅၈၀၃၆၀နှင့် ဦးချစ်ထွေး(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၈၇၇၈၀ တို့ထံ လှူဒါန်းနိုင်သည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၂၇)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၁၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

၇-၇-၂၀၁၀ ရက် (ဗုဒ္ဓဟူးနေ့)

- ၁း၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) -ဥရုဂွေးနှင့် နယ်သာလန် (Semi Final)**

❒ **ရှေ့ဖုံးမှ**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) ဒုတိယအင်ဂျင်နီယာချုပ်(လမ်း)၊ ဒုတိယအင်ဂျင်နီယာချုပ်၊ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသောကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ်(လမ်း)က B.O.T စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသောကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် လမ်းများအခြေအနေ၊ လမ်းနှင့်တံတားများ အသုံးပြုကြေးကောက်ခံမှုနှုန်းထား၊ နိုင်ငံတော်သို့ အခွန်ပေးသွင်းရမည့်စနစ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးတို့က မိမိတို့ခရိုင်အတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများ၏အခြေအနေနှင့် ပြုပြင်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယအင်ဂျင်နီယာချုပ်နှင့် ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်း B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ကုမ္ပဏီအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းမွမ်းမံနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြသည်။ ရှင်းလင်း ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၈)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၅ ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress)
(၂) မြို တိုင်းရင်းသားပါတီ
(၃) ကမန်အမျိုးသားတိုးတက်ရေးပါတီ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၈)ပါတီအနက် ပါတီ(၃၆)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်ကြည် မန္တလေးမြို့ စက်မှုဇုန်တွင် လုပ်သားများကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ဆွေးနွေးပွဲတက်ရောက်

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မန္တလေးမြို့ စက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်သားများ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၅

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ စက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်သားများ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ် ထုတ်ပေးရေးဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန မန္တလေးတိုင်း တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက အလုပ်သမားများ၏ ကျွမ်းကျင်မှု စံသတ်မှတ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်က စက်မှုဇုန်၏ လုပ်ငန်းအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့၌ ဖွင့်လှစ်ထားရှိသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင်မှုအခြေခံသင်တန်း (၂/၂၀၁၀) ဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် အလုပ်သမားများ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကောက်ကွက်တိုင်းကိရိယာ ပေးအပ်ပွဲ ကျင်းပ

ဟသ်ာတ ဇူလိုင် ၅

ကောက်ကွက်တိုင်းကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်က ဟသ်ာတမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက တာဝန်ပေးအပ်ပြီး အမှာစကားပြောကြားကာ ကောက်ကွက်တိုင်းကိရိယာများကို ခရိုင်ဥက္ကဋ္ဌ ဦးလှဝေနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်တို့က အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးငွေလွင်နှင့် စိုက်တိုးမြင့်အဖွဲ့ဝင်များ၊ အုပ်စုတာဝန်ခံများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများရှေ့တွင် ရပ်/ကျေး ၁၀၃ အုပ်စုမှ ဥက္ကဋ္ဌများ၊ စာရေးများအား တာဝန်များပေးအပ်သည်။ **(အပေါ်ပုံ)**

ဟသ်ာတမြို့နယ်တွင် ၂၀၁၀-၂၀၁၁ မိုးစပါး ပန်းတိုင်အထွက်နှုန်း ဆက်လက်ရရှိရေးအတွက် သုံးနှစ်တစ်ကြိမ် မျိုးသန့်ပြန့်ပွားရေးလုပ်ငန်းများ၊ ကျေးရွာအုပ်စုအလိုက် စုပေါင်းသဘာဝမြေဩဇာချပွဲများ၊ ဆည်/လယ်မှူးနှင့် ကောက်စိုက်သမ ပညာပေးရေးလုပ်ငန်းများအား မြို့နယ်အနှံ့ ဆောင်ရွက်ခဲ့ပြီးကြောင်း သိရသည်။

(ကြေးမုံ)

ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် စုပေါင်းပေးအပ်

ရန်ကုန် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် သမဝါယမအသင်းများ၏ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များစုပေါင်းပေးအပ်ပွဲကို ဇွန် ၂၈ ရက်တွင် မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ မွန်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးငွေသိန်းတို့ကအမှာစကား ပြောကြားကြသည်။

ယင်းနောက် အခြေခံ သမဝါယမ အသင်းများကိုယ်စား မုဒုံမြို့နယ် သမဝါယမ အသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမင်းစိန်ချွန်းက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် စုစုပေါင်း ၁၄၈၂၇၇၄ ကျပ်ကို မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန တွဲဖက်မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်သိမ့်ထံ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မော်လမြိုင်မြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ဇွန် ၁၅ ရက်တွင် ကတိုး၊ ကော့တွန်း၊ ကော့စိန်၊ ကော့ပေါက်၊ ကော့လှနှင့် ငန်းတေးကျေးရွာများ၊ ဇေယျာမြိုင်၊ ရွှေမြိုင်သီရိနှင့် မြိုင်သာယာရပ်ကွက်တို့၌ ကျင်းပသည်။

အလားတူ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက်တွင် မော်လမြိုင်တက္ကသိုလ်ကျောင်းဝင်း၌ ကျင်းပရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သစ်ပင်ပေါင်း ၂၀၀၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲများတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအေးက ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ၌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်း၊ မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးပေးကြပြီး ကြည့်ရှုအားပေးကြသည်။

မော်လမြိုင်မြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်ထားသည့် အပင်အရေအတွက် ရာခိုင်နှုန်းပြည့်စိုက်ပျိုးပြီးစီးသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဇူလိုင် ၅

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O) တို့ ပူးပေါင်းဆောင်ရွက်သော ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ရက်က တောင်ကြီးမြို့ မြို့နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါက်တာနေလင်းက ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးသည်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါက်တာကျော်စံဟိန်းနှင့် ဒေါက်တာအမ်ဇော်မိုင်တို့က သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြပြီး ကျေးလက်တိရစ္ဆာန်ကျန်းမာရေး အကူလုပ်သား (Community Animal Health Workers) တစ်ယောက်ချင်းကလည်း ဆွေးနွေးတင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲသို့ သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သား(C.A.H.W) ၁၂ဦး စုစုပေါင်း ၄၅ဦး တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ရွာသစ်ပွဲကြိုရပ် (၁၇)လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒင်းညှပ်မြစ်ရေ ရေမျက်နှာပြင်မြင့်တက်မှု
ရိုမေးနီးယားနိုင်ငံမှ မြို့တစ်မြို့ အတိဒုက္ခရောက်ဖွယ်ရှိ

ဘူခါရက် ဇူလိုင် ၅

ရိုမေးနီးယားနိုင်ငံ ဂါလာတီမြို့၌ ဒင်းညှပ်မြစ်၏ ရေမျက်နှာပြင်မြင့်တက်လာခြင်းကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်မှကာကွယ်ရန် အာဏာပိုင်များက ၄ဒသမ ၅ကီလိုမီတာအလျားရှိ မြစ်ကမ်းပါး တစ်လျှောက်တွင် သဲအိတ်များ နေရာချ၍ အရံအတားပြုလုပ်ခဲ့ရကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

သဲအိတ်အရံအတားများကို ကျော်လွန်၍ ဒင်းညှပ်မြစ်ကျိုးပေါက်ခဲ့ပါက ဂါလာတီမြို့ကို ရေအနက်၁၀မေခန့် ဖုံးလွှမ်းသွားနိုင်ပြီး မြို့သူ မြို့သား ၃၀၀၀၀၀ ခန့် အတိဒုက္ခရောက်ကြမည်ဖြစ်ကြောင်း ဂါလာတီမြို့တော် ဒုတိယမြို့တော်ဝန်က ပြောကြားသည်။

ဂါလာတီမြို့သည် ဒင်းညှပ်မြစ်ရေမျက်နှာပြင်အောက် ပိုနိမ့်သောနေရာတွင် တည်ရှိပြီး စီးပွားရေးအရ အရေးကြီးသော မြို့တစ်မြို့ဖြစ်ကြောင်း၊ ရိုမေးနီးယားနိုင်ငံ အမျိုးသားထုတ်ကုန်တန်ဖိုး၏ ၃၀ရာခိုင်နှုန်းကို ဂါလာတီမြို့က ဖြည့်ဆည်းပေးနေကြောင်း သတင်းများတွင် ဖော်ပြသည်။

ရိုမေးနီးယားအာဏာပိုင်များက ဂါလာတီမြို့နေလူထု ၈၅၀၀ခန့်ကို လုံခြုံသောနေရာများသို့ ရွှေ့ပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

ဒင်းညှပ်မြစ် ရေမြင့်တက်လာမှုကို ကာကွယ်ရန်အတွက် ဩစတြေးလျနှင့် ဘယ်လ်ဂျီယံနိုင်ငံများမှ ပေးပို့မည့် ရေစုပ်စက်များ၊ မီးစက်များနှင့် အခြားရေလွှမ်းမိုးမှုဘေးအန္တရာယ်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ တနင်္လာနေ့တွင် ရိုမေးနီးယားနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**

ဒင်းညှပ်မြစ်ရေတိုးလာမှုကြောင့် ရပ်ဆိုင်းထားခဲ့ရသော ဘူလ်ဂေးရီးယားနိုင်ငံမှ တံတားဆောက်လုပ်ရေး လုပ်ငန်းခွင် တစ်ခုကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် အသေခံဗုံးခွဲတိုက်ခိုက် အနည်းဆုံးလေးဦးသေ

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်နိုင်ငံအနောက်ပိုင်း ရာမာဒီမြို့တော်ရှိ အစိုးရရုံးများ၏ အဝင်ဝ၌ တနင်္ဂနွေနေ့တွင် အသေခံအမျိုးသမီး ဗုံးခွဲသူတစ်ဦးက ဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး လေးဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ပေါ်ပေါက်လာ

တစ်ချိန်က အယ်လ်ခိုင်ဒါများကြီးစိုးခဲ့သည့် အန်ဘာပြည်နယ်နှင့် ယင်း၏ မြို့တော်ရာမာဒီတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း တရိပ်ရိပ်တက်လာနေစဉ် ၎င်းတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမျိုးသမီးများနှင့် ကလေးများ အပါအဝင် အနည်းဆုံးလေးဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ဒေသန္တရအာဏာပိုင်များက ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေနှင့်ပတ်သက်၍ ချက်ချင်းအတည်မပြုခဲ့ပေ။ **အမ်အင်အေ၊ရှင်ဟွာ။**



နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အနိုင်အရှုံးခန့်မှန်းသည့် ရေဘဝဲနှင့် ဘောလုံးပွဲရလဒ်အတွက် အစီအရင်ပြုလုပ်သည့် စပါးကြီးမြွေ

ကိတ်တောင်း ဇူလိုင် ၅

ဂျာမနီနိုင်ငံ အိုဘာဟောင်ဆင်ရှိ အင်္ဂလန်ဖွား ဂျာမနီသားပေါလ်ဟု ခေါ်သည့် ရေဘဝဲကြီးတစ်ကောင်သည် ဂျာမနီအသင်း၏ ကမ္ဘာ့ဖလားပွဲ အနိုင်အရှုံးများကို မှန်ကန်စွာခန့်မှန်းပေးနိုင်ခဲ့မှုကြောင့် ကမ္ဘာကျော်ရွှေဖြစ်ဟောဆရာကြီးအဖြစ် ထင်ပေါ်လာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ယင်းရေဘဝဲကြီးသည် အာဂျင်တီးနားနှင့် ဂျာမနီတို့၏ ပွဲစဉ်တွင် ဂျာမနီအနိုင်ရမည်ဖြစ်ကြောင်း တိကျစွာ ရွေးချယ်ပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရေဘဝဲကြီးပေါလ်၏ ရွှေဖြစ်ဟောနည်းမှာ ဂျာမနီအသင်း၏ အလံနှင့် ပြိုင်ဘက်အသင်း၏ အလံများကို ကပ်ထားသော အစာခွက်နှစ်ခွက်အနက် အနိုင်ရမည့်အသင်း၏ အလံကပ်ထားသောအစာခွက်ကို ရွေးချယ် စားသုံးခြင်းဖြစ်ကြောင်း စောင့်ကြည့်သူများက ဆိုသည်။

ယခုတစ်ဖန် တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်ပတ်သက်၍ နာမည်ကြီးလာသည့် တိရစ္ဆာန်တစ်ကောင်မှာ မြန်မာ့မြွေမျိုးရင်းဝင် စပါးကြီးမြွေတစ်ကောင်ဖြစ်ကြောင်း တနင်္လာနေ့ သတင်းများတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် အနိုင်အရှုံးနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုရှိစေရန် ယင်းမြွေကြီးကို အာဖရိက ပယောဂဆရာများက လောက်အစီအရင်အဖြစ် အသုံးပြုခဲ့ကြကြောင်း သိရသည်။

၂ ဒသမ ၈မီတာရှည်လျားသော ယင်းမြွေကြီးကို ဒေသန္တရရဲတပ်ဖွဲ့၏ သတင်းပေးမှုအရ ကိတ်တောင်းမြို့မှ တိရစ္ဆာန်ညှဉ်းပန်းမှု ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ဖမ်းဆီးခဲ့သည်။ အဆိုပါမြွေကြီးကို လောက်အစီအရင်အဖြစ် အသုံးပြု၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ရလဒ်များကို ပြောင်းလဲစေရန် ကြိုးပမ်းခဲ့သည့်အသင်းမှာ မည်သည့်အသင်းဖြစ်ကြောင်း မသိရသေးပေ။

၂၀၁၀ဟု အမည်ပေးထားသော ယင်းစပါးကြီးမြွေသည် နာမကျန်းဖြစ်နေသောကြောင့် တွားသွားသတ္တဝါဆိုင်ရာ အထူးကုဆရာဝန်များက ဆေးကုသပေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆန်ဂိုမာဟုခေါ်သည့် အာဖရိကမှော်ဆရာများက တိရစ္ဆာန်များကို ဝိညာဉ်များနှင့် ကြားခံဆက်သွယ်ရာတွင် အသုံးပြုလေ့ရှိသည်ဟု ဆိုသည်။ **အင်တာနက်။**

ရွှေဖြစ်ဟောဆရာ ရေဘဝဲကြီး ပေါလ်ကို ၎င်းမွေးဇာစ်ရာ ဂျာမနီနိုင်ငံ အကွာရီယမ်တိုက်ရှိ မှန်လုံကန်ထဲ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် ပါလက်စတိုင်းဝန်ကြီးချုပ် ဂါဇာကမ်းမြောင်ဒေသအရေး ဆွေးနွေး

ဂျေရုဆလင် ဇူလိုင် ၅

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်နှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ ဝန်ကြီးချုပ် ဆလမ်ဖေယက်ဒ်တို့သည် ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားမှုကိုလျှော့ချရေးအတွက် တနင်္လာနေ့က ဆွေးနွေးခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျေရုဆလင်မြို့တော် ကင်းဒေးဗစ်ဟိုတယ်၌ ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် ပါလက်စတိုင်းဝန်ကြီးချုပ်တို့သည် ဟားမားစ်အဖွဲ့က ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့နိုင်ရေးအတွက် အစီအစဉ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့များနှင့် အစ္စရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါဆွေးနွေးပွဲ၌ အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် ပါလက်စတိုင်းဝန်ကြီးချုပ်တို့သည် ပါလက်စတိုင်းအစိုးရအဖွဲ့နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနအကြား ပွင့်လင်းသောဆက်ဆံရေးထားရှိရန် သဘောတူညီခဲ့သည်။ **အင်တာနက်။**

စပိန်နွားရိုင်းသတ်ပွဲ၌ လူငယ်တစ်ဦးသေဆုံး

မဒရစ် ဇူလိုင် ၅

စပိန်နိုင်ငံ ဇာမိုရာပြည်နယ်၌ ကျင်းပသည့် စပိန်နိုင်ငံသားများ၏ သည်းခြေကြိုက် ကစားနည်းတစ်ရပ်ဖြစ်သည့် နွားရိုင်းသတ်ပွဲ၌ နွားခွေ့ခံရမှုကြောင့် လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ဖူးအင်တက်ဆာကိုမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော နွားရိုင်းသတ်ပွဲ၌ ယင်းမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဝမ်းဗိုက်ကို နွားခွေ့ခံရမှုကြောင့် တိကျရန်မိုရာလက်စ်ဆိုသူ စပိန်လူငယ် သေဆုံးခဲ့ကြောင်းသိရသည်။ **အင်တာနက်။**

မက္ကဆီကိုပင်လယ်ကွေ့ ရေနံပြင်ရှင်းလင်းရေး ဒေါ်လာသုံးဘီလီယံ ကုန်ကျခဲ့

လန်ဒန် ဇူလိုင် ၅

မက္ကဆီကိုပင်လယ်ကွေ့ဒေသတွင် ဧပြီ ၂၀ရက်က ရေနံတွင်းတူးစင် ပေါက်ကွဲနစ်မြုပ်မှုကြောင့် ယိုဖိတ်ထွက်လာသော ရေနံများကို ရှင်းလင်းရန် သုံးစွဲခဲ့ရသော ကုန်ကျစရိတ်အ၀သည် ဒေါ်လာသုံးဘီလီယံကျော်ရှိပြီဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ဘီပီရေနံကုမ္ပဏီက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဘီပီရေနံကုမ္ပဏီသည် ၎င်း၏ရေနံတွင်းတူးစင် ပေါက်ကွဲနစ်မြုပ်ခဲ့ပြီးနောက်ပိုင်း ယိုဖိတ်ခဲ့သောရေနံပြင်အား ရှင်းလင်းရန် ဒေါ်လာ ၃ဒသမ ၁၂ဘီလီယံခန့် ကုန်ကျခဲ့သည်ဟုဆိုသည်။

ပေးချေခဲ့ရ

ရေနံပြင်ရှင်းလင်းရေးအတွက် အမေရိကန်အစိုးရနှင့် ဒေသန္တရအာဏာပိုင်များ၏ ငွေကြေးဆိုင်ရာ တောင်းဆိုမှု ၄၇၀၀၀ အတွက် ဒေါ်လာ ၁၄၇သန်းကို ပေးချေခဲ့ကြောင်း ဘီပီကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘီပီရေနံကုမ္ပဏီပိုင် ဒိပ်ဝေါ်တာဟိုရိုက်ဇွန်ရေနံတူးစင်သည် ဧပြီ ၂၀ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရေအောက်သို့နစ်မြုပ်ခဲ့ရသည်။ **အင်တာနက်။**

မက္ကဆီကို ပင်လယ်ကွေ့ရေနံပြင် ရှင်းလင်းရေးလုပ်ငန်း၌ ဘီပီကုမ္ပဏီက ငှားရမ်း အသုံးပြုနေသော ရေယာဉ်ရေနံ ဆယ်ယူမယ့်သင်္ဘောကြီးကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၁၅ ခုနှစ် နှစ်ကုန်တွင် တရုတ်နိုင်ငံလူဦးရေ ၁ ဒသမ ၃၉ ဘီလီယံရှိမည်

ပေကျင်း ဇူလိုင် ၅

တရုတ်နိုင်ငံ၏လူဦးရေသည် ၂၀၁၅ ခုနှစ် အကုန်ပိုင်း၌ ၁ ဒသမ ၃၉ ဘီလီယံရောက်ရှိမည်ဖြစ်ပြီး အသက် ၆၀နှင့် ၆၀ အထက်လူဦးရေသည် သန်း ၂၀၀ ရှိလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားလူဦးရေနှင့် မိသားစုစီမံကိန်းကော်မရှင်က ကြိုတင်ခန့်မှန်းခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

လာမည့် ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မြို့ပြနေလူဦးရေသည် ကျေးလက်နေလူဦးရေထက် ပိုမိုများပြားလာမည်ဖြစ်ပြီး သန်း ၇၀၀ ကျော်ထိ ရှိမည်ဟု ယင်းကော်မရှင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၌ လာမည့်ငါးနှစ်တာကာလတွင် သက်ကြီးပိုင်းလူဦးရေများပြားလာမည်ဖြစ်ပြီး ပျမ်းမျှအားဖြင့် နှစ်စဉ် အသက် ၆၀အထက်အရွယ်ပိုင်း စာရင်းဝင်သူဦးရေမှာ ရှစ်သန်းရှိမည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းက ၁ ဒသမ၃၂ ဘီလီယံရှိကြောင်း၊ ခေတ်သစ်တရုတ်နိုင်ငံကို ပြန်လည်ထူထောင်ချိန် ၁၉၄၉ ခုနှစ် လူဦးရေထက် နှစ်ဆခွဲခန့် ပိုမိုများပြားလာကြောင်း စာရင်းဇယားများ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကောင်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂ ရက်တွင် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ကျွန်းပင်သာကျေးရွာနှင့် ရေရှင်ကျေးရွာများ၏ တိုးတက်နေမှုများကို လည်းကောင်း၊ မိုးကောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေနှင့် မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုးကောင်းမြို့ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ဆေးရုံအတွင်းရှိ သားဖွားခန်း၊ ခွဲတော်ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသား၊ အမျိုးသမီး လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်း၌ ဆေးဝါးများ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ ဆင်းဇကရီ (၃)စပါးမျိုး မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ မိုးညှင်းခရိုင် စိုက်ပျိုးရေးမန်နေဂျာက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ ဒေသခံပြည်သူများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ထို့နောက် နန့်စီးအောင်-မိုးကောင်း-နမ္မတီးလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူက လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် တောင်နီကျေးရွာနှင့် နမ္မနကျေးရွာအကြား လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နမ္မနကျေးရွာ၊ သိုက်ဝါးကုန်းကျေးရွာနှင့် အင်ကြင်းကုန်းကျေးရွာများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ရွှေဘို-မြစ်ကြီးနားလမ်း ကြံ့ခိုင်ကောင်းမွန်မှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ ဆင်းဇကရီ (၃)စပါးမျိုး မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ဆွေးနွေးမှာကြား၍ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအတွက် ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်ခွင်တံတား တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်း တာဝန်ရှိသူက ကမ်းကပ်ခုံ (A1,A2)နှင့် ရေလယ်တိုင် (P1,P2,P3)များ တည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟိုပင်မြို့ရှိ ဟိုပင်တံတားနှင့် မိုးညှင်းမြို့ရှိ မိုးညှင်းတံတားတို့၏ ကြံ့ခိုင်ကောင်းမွန်မှုနှင့် မြို့၊ ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၃ ရက်တွင် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးက ဆေးရုံတိုးချဲ့ဆောင်ရှိ ခွဲစိတ်ခန်း၊ ကလေးလူနာဆောင်၊ အမျိုးသား၊ အမျိုးသမီးခွဲစိတ်ကုသဆောင်များနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် နေရာတို့ကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက စံပြဆေးရုံတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးပြီး ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆေးဝါးများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မိုးညှင်းမြို့ရှိ မိုးညှင်းဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်က Computer Training Centre(1)၊ ရူပဗေဒ လက်တွေ့စမ်းသပ်ခန်း၊ ဓာတုဗေဒ လက်တွေ့စမ်းသပ်ခန်းနှင့် Language Lab တို့၌ ကျောင်းသား၊ ကျောင်းသူများအား စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားပေးနေမှုများကို လိုက်လံရှင်းလင်းပြသ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောင်းဝင်းအတွင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးညှင်းမြို့တွင်းလမ်းများ ကောင်းမွန်မှု၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာရှိ (၁၈)ခုတင်ဆံ့ ပင်းဘောတိုက်နယ်ဆေးရုံသို့ ရောက်ရှိရာ တိုက်နယ်ဆရာဝန်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကိုပေးအပ်၍ တာဝန်ရှိသူတစ်ဦးနှင့် ကျေးရွာရပ်မိရပ်ဖများက ဆေးဝါးနှင့် ECG စက်တစ်လုံးတို့ကို ဆေးရုံအုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေဘို-မြစ်ကြီးနားလမ်းအတိုင်း ထွက်ခွာလာရာ နမ္မနကျေးရွာအနီး လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ဆားမှော်ကျေးရွာအုပ်စု၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုများနှင့် ဆားမှော်မြို့ ဖွံ့ဖြိုးတိုးတက်နေမှုများကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆားမှော် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော ဆေးဝါးများကို ဆေးရုံအုပ်ထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကောင်းမြို့နယ် တောင်နီကျေးရွာနှင့် နမ္မနကျေးရွာကြား ရွှေဘို-မြစ်ကြီးနားလမ်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပုသိမ်မြို့ အရာရှိရိပ်သာ လမ်းဘေး ဝဲ၊ ယာ၌ အဖွဲ့ပိုင်မြက်ဖြတ်စက်များနှင့် မြက်ဖြတ်ခြင်း၊ မြေယာရှူခင်း အလှပြုပြင်ခြင်းလုပ်ငန်းများကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဝင်းဌေးနှင့် ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ပဉ္စမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၂ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Parkroyal Hotel ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးသက်လွင်တိုးက အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က နှစ်ပတ်လည် ရသုံးငွေစာရင်းနှင့် လက်ကျန်စာရင်းရှင်းတမ်းများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က အသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် အထွေထွေကိစ္စရပ်များကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက်ရယူကြသည်။

ဆက်လက်၍ အခမ်းအနားမှူး ဒေါ်သီတာထွန်းက ၂၀၁၀-၂၀၁၂ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့နှင့် ဂုဏ်ထူးဆောင်အကြံပေးနှစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၉ ဦးတို့၏ စာရင်းတို့ကို ကြေညာသည်။

ယင်းနောက် ဥက္ကဋ္ဌအသစ် ဦးမောင်မောင်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုလ်တထောင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် အရှေ့ပိုင်းခရိုင်တာဝန်ခံ ဦးကျော်နှင့် ဦးရဲမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၇၂ ဦးတို့အား သင်တန်းဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် ဗိုလ်တထောင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ညိုက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဝင် အရှေ့ပိုင်းခရိုင်တာဝန်ခံ ဦးရဲမြင့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များကို လက်တွေ့သရုပ်ပြရှင်းလင်းပို့ချကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူးခရိုင်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၅

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူဒါနပြုပွဲကို ရန်ကုန်မြို့ ဗဟန်း ကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ကုန်းဇောင်း၊ ငဖဲ၊ စေတုတ္တရာမြို့များမှ ရန်ကုန်မြို့ရောက် အသင်းဝင်ပြီး၊ မဝင်ပြီး မြို့သူမြို့သား၊ နယ်သူနယ်သားများ စုံညီစွာ တက်ရောက်ကြပါရန်နှင့် ပါဝင်လိုသော အလှူရှင်များသည် ဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၇၃၀၀၇၀၇၁၊ အမှုဆောင် ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၁၁နှင့် အမှုဆောင် တက္ကသိုလ်စိန်တင် ဖုန်း-၅၈ ၀၄၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း စီးပွားရေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းကကြီးမှူး၍ Strategic Positioning of Myanmar in the Asia Region ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဇူလိုင် ၁၀ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ UMFCCI ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကြည့်ရှု စစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော် ပိုကောင်း ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးပွဲ တက်ရောက် ကော့သောင်းခရိုင်အတွင်းရှိ ဆီအုန်းစိုက်ခင်းများနှင့် လမ်းပိုင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ခမောက်ကြီးမြို့နယ်ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်း၌ ကျင်းပသည့် မိုးရာသီဆီအုန်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ဆီအုန်းပျိုးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆီအုန်းပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်ဇော်က လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ကော့သောင်း-ဘုတ်ပြင်း လမ်းပိုင်းအခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၄ ရက်တွင် ဘုတ်ပြင်းမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ယင်းနောက် ဘုတ်ပြင်းမြို့နယ် ချောင်းရှစ်ဖြာကျေးရွာရှိ ယုဇနကုမ္ပဏီလီမိတက် ရွှေမြေရတနာဆီအုန်းခြံ၌ ဆီအုန်းပျိုးပင်များအား စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိပြီး ရှုရပ်မှ ဆီအုန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် တောင်စောင်းများတွင် ကွန်တိုစနစ်ဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဘုတ်ပြင်း-ကော့သောင်း လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေး ဝဲ၊ ယာတွင် စိုက်ပျိုးထားသော ဆီအုန်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့် အဖွဲ့ဝင်အဖြစ်ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးသုံးစွဲမှုစနစ်နှင့် ငွေကြေးချမှတ်မှုဆိုင်ရာ အစည်း အဝေးများ(High-Level Preparatory (HLP) Meeting for the 63 rd Session of WHO/ SEA Regional Committee)သို့ တက်ရောက်ခဲ့ပြီးနောက် ဇူလိုင် ၃ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ဇွန် ၂၈ ရက်တွင် စတင်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလန်ဘန်ချမ်းက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအတွင်း လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ လူတိုင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို လက်လှမ်းမီစေရန်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ အထောက်အပံ့များကို နိုင်ငံအလိုက် ရေးဆွဲထားရှိသော မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့်အညီ ထိရောက်စွာ သုံးစွဲရန် ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးပထမနေ့ အစီအစဉ်များကို ကျင်းပရာ (၆၃)ကြိမ်မြောက် ကျန်းမာရေးလုပ်ငန်းကော်မတီ (63 rd Session of WHO/ SEA Regional Committee) အစည်းအဝေးတွင် ဆွေးနွေးတင်ပြမည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရေး၊ နိုင်ငံတိုင်း၏ ကျန်းမာရေး စီမံကိန်းနှင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးသူငယ်များတွင် အဖြစ်များသည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် အဆုတ်အအေးမိရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရေး၊ ပဋိဇီဝဆေးဝါးများနှင့် ရောဂါပိုးများ ယဉ်ပါးမှုမှ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲရေးနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရေး အကြောင်းအရာများနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် အသေးစိတ် ဆွေးနွေးကြသည်။ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဇွန် ၂၉ ရက်တွင် ကျင်းပရာ အစည်းအဝေးတွင် ကျန်းမာရေးဆိုင်ရာ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် (၄) နှင့် (၅)ဖြစ်သော မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်ရေး၊ (၆၃)ကြိမ်မြောက် ဒေသဆိုင်ရာ ကျန်းမာရေးကော်မတီ အစည်းအဝေးသို့ တင်ပြဆွေးနွေးမည့် ပညာရပ်ဆိုင်ရာ ဘာသာရပ်တစ်ခုရွေးချယ်ရေးနှင့် ကမ္ဘာ့ကျန်းမာရေး ညီလာခံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စီမံခန့်ခွဲမှုကော်မတီများက ချမှတ်ထားသော ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အကြောင်းအရာများနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အသေးစိတ် ဆွေးနွေးကြသည်။

အစည်းအဝေး၏ တတိယနှင့် စတုတ္ထနေ့များဖြစ်သည့် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် အာဟာရပြည့်ဝမှုနှင့် အစားအသောက်များ လုံခြုံစိတ်ချရေး၊ ဝက်သက်ရောဂါနှင့် ပိုလီယိုရောဂါများ ကင်းစင်ပပျောက်ရေး၊ ကူးစက်မှုမရှိသော နာတာရှည်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အာမခံစနစ် တည်ဆောက်ရေး၊ ကျန်းမာရေးသတင်း အချက်အလက် ဆက်သွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲ၏ မှတ်တမ်းများ၊ အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များကို တက်ရောက်လာကြသော ကိုယ်စားလှယ်များက အတည်ပြု သတ်မှတ်ပြီးနောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလန်ဘန်ချမ်းအား သွားရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အသေးစိတ် ဆွေးနွေး

ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အဖွဲ့ဝင်တို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလန်ဘန်ချမ်းအား ၎င်း၏ ရုံးခန်း၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုတိုးတက်စေရေးနှင့် ခေတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇူလိုင် ၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆိုင်ရာ ဘဏ္ဍာရေးသုံးစွဲမှု စနစ်ဆိုင်ရာ အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ နိုင်ငံများအပါအဝင် အခြားဒေသများ၌ ငွေကြေးသတ်မှတ်မှု ကိစ္စရပ်များနှင့် ဒေသတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်းအလိုက် ချမှတ်ထားသော ငွေကြေးရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

ဆွေးနွေးအကြံပြု

ယင်းနောက် ၂၀၁၂-၂၀၁၃ ခုနှစ်တို့အတွက် ဘဏ္ဍာငွေသုံးစွဲမှုနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအလိုက် ပြင်ဆင်ဖြည့်စွက်ချက်များကို ဆွေးနွေးအကြံပြု ဆုံးဖြတ်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတို့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုး အလှတိုး

❁ သစ်တောကိုခင်
သစ်ပင်ကို ချစ်မြတ်နိုး။
ကိုယ့်နယ်မြေ ကိုယ့်ဒေသ
အလှဖွံ့ဖြိုး။
❁ ပျိုးချိန်ပျိုး စိုက်ချိန်စိုက်
သည်တစ်ဝိုက် သည်နယ်မြေ၊
တောတစ်ခွင် တောင်စဉ်တန်း
စိမ်းလန်းစည်ဝေ။
ငှက်ကျေးတို့ တေးသီခြွေ
စမ်းပြာရေ စီးသံညင်း။
တောပန်းစုံ လေချိုသွေး
မွှေးပျံ့ပျံ့သင်း။
❁ သည်နယ်မြေ သည်ဒေသ
သည်အလှ သည်ဝန်းကျင်
အေးချမ်းရိပ်ထင်။
အမြင်ပသာဒလျှင်
အစဉ်ထာဝရပင်
မြရွှေရင် ပီတိလိမ်း။
သစ်တောနှင့် သစ်ပင်
ရှင်သန်အောင် တို့စိုက်ပျိုး
တိုးပွားအောင်ထိန်း။ ။

သောင်းကိုကို

စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ ရက်တွင် စစ်တွေမြို့အတွင်း ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် စက်မှုဇုန်ရှိ ဆားချောထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဆတ်ရိုးကျချောင်းတစ်လျှောက် သင်္ဘောများ ဆိုက်ကပ်နေမှုအခြေအနေများနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် စစ်တွေမြို့အားကစားခန်းမ၌ ကျင်းပသော တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိန်းလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဒုတိယဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူဆောင်ရွက်လျက်ရှိသော လိန်းလီကြိုးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားချဉ်းကပ်လမ်း လုပ်ငန်းများနှင့် တံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်၌ လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးသန်းရွှေက ကြိုးထိန်းခုံလုပ်ငန်းနှင့် တာဝါတိုင် လုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်ရှိန်းက ချဉ်းကပ်လမ်းမြေကြီး လုပ်ငန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးရေး နေ့ညမပြတ် ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းကို သတ်မှတ်လမ်းအကျယ် ရရှိအောင် လမ်းအင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ပံ့ပိုးပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

လိန်းလီကြိုးတံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ကြိုးတံတားနှင့် သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး အုတ်မြစ်မှာ သံကူကွန်ကရစ်ဘိုးပိုင်တို့ဖြစ်ကာ ပင်မကြိုးတံတား အရှည်ပေ ၁၀၀၀၊ ချဉ်းကပ်တံတားနှစ်ဖက် ပေ ၇၆၀ စုစုပေါင်း တံတားအရှည် ပေ ၁၇၆၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉) လမ်းထောင့် Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်လေဆိပ်အဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိက လွှဲပြောင်းရယူ၊ မြန်မာ-တရုတ် ပူးပေါင်း၍ ချည်နှင့်ပလတ်စတစ် ရောစပ်သည့်အိတ်များ ထုတ်လုပ်မည့်အကြီးစားစက်ရုံ တည်ဆောက်မည်၊ မလေးရှားတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကြောင့် မြန်မာလုပ်သားများကို ပြန်လည်ခေါ်ယူနေ၊ တရုတ်ရုပ်ရှင်ပွဲတော်၌ မြန်မာရုပ်ရှင်ကား ၁၆ ကား ပါဝင်ပြသမည်၊ အနီရောင်ပိတောက်ပန်းမျိုးများ စိုက်ပျိုးရေးဈေးကွက်ဝင်လာ၊ အင်္ဂလန်နိုင်ငံသားလေးဦးကို ကယ်တင်ခဲ့သည့် မြန်မာကပ္ပတိန်နှင့်အဖွဲ့အား စပိန်ကဂုဏ်ပြုချီးမြှင့်၊ NCC Training Institute ကို ကျောင်းသား ၃၀၀၀ သင်ကြားနိုင်သည်အထိ တိုးချဲ့ဖွင့်လှစ်မည်၊ ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာလုပ်သား ၄၀၀ ခန့် အမြန်လိုအပ်၊ စင်ကာပူကျောင်းများ၌ နိုင်ငံခြားကျောင်းသားများကို လေးပုံတစ်ပုံသာ လက်ခံတော့မည်၊ မွေးမြူရေးကဏ္ဍ ပြန်လည်အဆင့်မြှင့်တင်ရန် အီတလီကူညီမည်၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များအတွက် အထူးအာမခံစီစဉ်ပေးမည်၊ ကလေးမွေးဖွားပြီး မိခင်သွေးထွက်လွန်၍ သေဆုံးခဲ့မှုအပေါ် လက်သည်နှင့် ဆေးဆရာကို သက်ဆိုင်ရာသို့ တိုင်ကြား၊ ရေနံတင်ကားကြီး တိမ်းမှောက်ပေါက်ကွဲ၍ လူပေါင်း ၂၂၀ ကျော်သေဆုံး၊ ကမ္ဘာကျော် ကွမ်ရင်မယ်တော်ရုပ်တုကြီးသို့ ခရီးတစ်ခေါက်၊ မိုးပျံကားများကို အမှန်တကယ် သုံးနိုင်တော့မည်၊ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် အကောင်းဆုံးတိုက်စစ်အတွဲများ၊ ရုရှားလုပ်ငန်းရှင်က ဒေါ်လာ ၂၁၀၀၀ တန် ကမ္ဘာ့ဈေးအကြီးဆုံး ဗူဗူဇီလာကိုမှာယူ၊ အမေရိကန်က ရုရှားသူလျှို ၁၀ ဦးအား ဖမ်းဆီး၊ အသက်ဆက်လက်ရှင်သန်ရန် ၁၅ မိနစ်တစ်ကြိမ် အစာစားနေရသည့် အမျိုးသမီး၊ တရုတ်၌ တောမီးကြီးကို မီးသတ်သမားပေါင်း ၂၀၀၀၀ ကျော် ငြိမ်းသတ်နေရ၊ လူမျက်နှာနှင့်တူသည့်ငါးက ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ၊ အမျိုးသားသုံး ပဋိသန္ဓေတားဆေးသစ် တီထွင်ထုတ်လုပ်၊ မြန်မာကြိုက် နာမည်ကြီး ကိုရီးယားမင်းသားတစ်ဦး ကိုယ့်ကိုယ်ကိုယ်သတ်သေ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အကြီးဆုံးရေအိုင်ကြီးမှာ မူလထက် ၁၀ ပုံတစ်ပုံသာကျန်ရှိ၊ မျက်မမြင်များ မောင်းနှင်နိုင်မည့်ကား တီထွင်နိုင်တော့မည်၊ ကမ္ဘာ့ဖလားဘောလုံးပွဲ ရွှေဖိနပ်ဆု ဘယ်သူရမလဲ၊ ဦးနှောက်များကို အေးခဲထားကာ သေသူကို အသက်ပြန်သွင်းနိုင်မည်ဟုဆို၊ တောနက်ထဲ၌ ပေ ၁၀၀ ရှည်သည့် ရေငုပ်သင်္ဘောကြီးတွေ့ရှိစသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍ မျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် မလက်တိုကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးခဲ့သည့် အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တာဝန်ရှိသူများက မလက်တိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဖွင့်လှစ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်က ကျောင်းအဆင့်တိုးမြှင့်ပေးရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံများကို ကျောင်းအကျိုးတော်ဆောင်တစ်ဦးက အမှတ်(၁) အခြေခံပညာဦးစီးဌာန ဧရာဝတီတိုင်း ပညာရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မအူပင်မြို့နယ် မလက်တိုကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ပေးခဲ့သည့်အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြသော ဟိန်းဝေယံနှင့် သင်ဇာဝင့်ကျော်တို့က “မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိရေး” အကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မောင်မောင်သက်က “ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းလိုက်နာရေး” အကြောင်းကို လည်းကောင်း ဟောပြောကြကာ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကျောင်းသား၊ ကျောင်းသူများအား ပညာပေးလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ပညာပေးဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဟိန်းဝေယံနှင့် သင်ဇာဝင့်ကျော်တို့ ဟောပြောကြစဉ်။ (သတင်းစဉ်)

ရေကြောင်းအင်ဂျင်နီယာသင်တန်း ပို့ချမည်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာ အသင်းက ဦးစီး၍ အင်ဂျင်နီယာ စာမေးပွဲအထောက်အကူပြုသင်တန်းကို ဇူလိုင် ၁၇ ရက်တွင် ဝါရင့်ပထမတန်း လက်မှတ်ရ အင်ဂျင်နီယာကြီးများက ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေ နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရက်သတ္တ ရှစ်ပတ်ကြာ ပို့ချမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်းခန်းမ အမှတ် (၁၅၄/၁၅၆) လေးလွှာ (၄၆)လမ်း ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား ဗိုလ်တထောင်မြို့နယ်တွင် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖျောက်မြို့ မြို့အဝင်လမ်းမကြီးတွင် ဇွန် ၁၂ရက်က ရုံးခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိန်လှိုင်နှင့် အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)



နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွှန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့၌ ဆောက်လုပ်ပြီးစီးသွားသည့် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းပရိဘောဂများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကိုကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ ပုဗ္ဗသီရိမြို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်တွင် မြေပိုင်၊ အိမ်ပိုင်ဖြစ်စေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများအား မြေကွက်နေရာချထား၍ နေအိမ်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နေပြည်သူများအတွက် ပုဗ္ဗသီရိဈေးနှင့် ဆိုင်ခန်းများ ဆောက်လုပ်နေမှု၊ ဆောက်လုပ်ပြီးစီးသွားသော ရုံးအဆောက်အအုံများ၊ နေပြည်တော်ဘူတာကြီး တည်ဆောက်ထားရှိမှုနှင့် ပုဗ္ဗသီရိမြို့အား ဆက်လက်ဆောင်ရွက်သွားမည့် တည်ဆောက်ရေးအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူနှင့် ဝန်ထမ်းများ၏ သားသမီးများ အလွယ်တကူ ပညာသင်ကြားနိုင်ရန်နှင့် အခြေခံပညာအထက်တန်းအဆင့်ထိ ကျောင်းများကို အဆင့်မြင့်မြင့် တည်ဆောက်ပေးရန် လမ်းညွှန်မှာကြားချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းကို ခံ့ညားထည်ဝါစွာ တည်ဆောက်၍ ယခုကဲ့သို့ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခြင်းဖြစ်ကြောင်း၊ အလားတူ ဥတ္တရသီရိမြို့တွင် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့ ရွှေကြာပင်ရပ်ကွက်တွင် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတို့ကို တည်ဆောက်ပြီး မကြာမီ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ဖွင့်လှစ်သည့် ကျောင်းများကို အသုံးပြု၍ ပညာရည်မြင့်မားသော လူငယ်များဖြစ်စေရန် ဆရာ ဆရာမ၊ ကျောင်းသားများနှင့်မိဘ သုံးဦးသုံးဖလှယ် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ပညာရေးဆိုင်ရာရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က မြို့နယ်ပညာရေးမှူး ဦးစိုးလှိုင်ထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ အစုံ ၃၈၀၊ ဗလာစာအုပ် ၄၁၇ ဒါဇင်နှင့် ခဲတံ ၂၁၄ ဒါဇင်၊ ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၇၈၇၇၀ တို့ကိုပေးအပ်ရာ ကိုယ်စားလှယ် သုံးဦးတို့က လက်ခံကြသည်။

ဆက်လက်၍ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးကျော်မင်းထွန်းက သင်ကြားမှုအထောက်အကူပြုပစ္စည်း ကွန်ပျူတာ သုံးစုံနှင့် ပရိဘောဂပစ္စည်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံကြသည်။

ထို့နောက် တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဝင်းက ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမှုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယခုလွှဲပြောင်းပေးအပ်သည့် နေပြည်တော် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း ပင်မကျောင်းအဆောက်အအုံမှာ ၂၇၂ ပေ X ၂၁၆ ပေရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းအုပ်ကြီးနေအိမ်၊ ရှစ်ခန်းတွဲ ဆရာ၊ ဆရာမဆောင်နှင့် ပေ ၃၀၀ X ပေ ၁၈၀ ရှိ ကျောင်းအားကစားကွင်းတို့ပါ ထည့်သွင်းတည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွှန့် နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းအခွန် ညွှန်ချုပ် ပဲခူးတိုင်း(အရှေ့ခြမ်း) ဝန်ထမ်းများနှင့် တွေ့ဆုံ

ပဲခူး ဇူလိုင် ၅

ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဇွန် ၂၅ ရက်က ပဲခူးတိုင်း (အရှေ့ခြမ်း)ရှိ မြို့နယ်အခွန်ဦးစီးဌာန မှူးရုံးများအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ညနေပိုင်းတွင် ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်း၌ ပဲခူးတိုင်း (အရှေ့ခြမ်း)မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး၊ ဥပဒေစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ဝန်ထမ်းများ ကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြုမူနိုင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။ **(အောက်ဝဲပုံ)**

(ခရိုင်ပြန်/ဆက်)

ဗလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ ဘူတာလမ်း တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ပန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အာဆီယံ-ရုရှား ပူးပေါင်းမှုအစီအစဉ်အရ သင်တန်းတက်ရောက်ရန် သင်တန်းသူများ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၅

အာဆီယံ-ရုရှား ပူးပေါင်းမှု အစီအစဉ်အရ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၆ ရက်မှစ၍ တစ်လကြာ ဖွင့်လှစ်ပို့ချမည့် In Class Training on Russian Language Intensive Course တက်ရောက်ရန် မြန်မာနိုင်ငံမှ ရုရှားဘာသာ သင်တန်းသူ ခြောက်ဦးသည် ဇူလိုင် ၄ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဂျကာတာမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးသက်လွင်တိုးနှင့် အမှုဆောင် ဦးလှအေးတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ယာပုံ)**

သင်တန်းတက်ရောက်မည့် သင်တန်းသူ ခြောက်ဦးသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ဖွင့်လှစ်ခဲ့သည့် Intensive Russian Language Course for Tourism Industry (Intermediate Level) သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းအောင်မြင်သည့် မနှင်းဝတ်ရည်၊ မကေဇင်လင်း၊ မသင်းသော်တာနှင်း၊ မမြမြင့်မိုရ်ခိုင်၊ မမျိုးဆုဝေကြည်နှင့် မသန္တာဦးတို့ ဖြစ်ကြသည်။

ယင်း In Class Training on Russian Language Intensive Course ကို အာဆီယံနိုင်ငံများမှ သင်တန်းသား ၃၀ အား ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံမှ ခြောက်ဦး တက်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သင်ယူခွင့်ရရှိ

အာဆီယံခရီးသွားလုပ်ငန်း လမ်းပြမြေပုံတွင်ပါဝင်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဒေသခံဧည့်လမ်းညွှန်များ၏ ဘာသာစကားကျွမ်းကျင်မှုစွမ်းရည်နှင့် ကမ္ဘာလှည့်ခရီးသည်များ၏ စရိုက်လက္ခဏာများကို သိရှိနားလည်မှုစွမ်းရည် တိုးတက်စေရန် ပြုစုပျိုးထောင်ပေးရေးနှင့် စပ်လျဉ်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Russian State University ၏ ကူညီပံ့ပိုးမှုဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဧည့်လမ်းညွှန်များအတွက် ရုရှားဘာသာသင်တန်းကို e-Learning စနစ်ဖြင့် သင်ယူခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံ(တောင်) စာပေနှင့် စာနယ်ဇင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇူလိုင် ၅

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မိဘရိပ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၉ ရက် (စနေနေ့) နံနက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၀)ရပ်ကွက် အောင်ဗောဓိဘုရားဝင်းရှိ မိဘရိပ် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအကြောင်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး မိဘရိပ်ကုမ္ပဏီလီမိတက်မှ ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)၊ ဒေါ်အေးသိန်း(မိဘရိပ်) တို့က ပေးအပ်ပြီး မိဘရိပ်၏ ပညာရည်ထူးချွန်ဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပညာရည်ချွန်ဆုများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မင်းရွှေမင်း (တောင်ကုတ်)နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ထက်(ဆေး-၁)တို့က ချီးမြှင့်ပေးအပ်သည်။ ဆုရကျောင်းသားတစ်ဦး၏ မိဘဖြစ်သူ ခေတ္တရာမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ကြည့်ရှုအားပေး

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ဇွန် ၂၆ ရက်က ကဝမြို့ မြို့နယ်ခန်းမ၌ ဒေသခံတောင်သူများအား မိုးစပါးအတွက် မျိုး၊ မြေဩဇာနှင့် စိုက်ပျိုးစရိတ် ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဘဝထဲမှာ အနှစ်ရှာ"တရားတော် (ဆရာတော်အရှင်လာဘ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၈)**
၈း၃၀ Activities In The City - BDA နှင့် ASEAN တို့ ပူးပေါင်းသည့်ကွမ်းခြံကုန်းမြို့ ASEAN Project အခမ်းအနား -အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ
၉း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "နိုင်ငံတကာဆုရမြန်မာ့ တိုင်းရင်းအလှမွေးငါးများ"
၉း၂၀ ပန်းတိုင်အထွက်တိုးစေဖို့. . . နွေနှမ်းစိုက်ကြစို့
၉း၃၅ Cartoon Show Time (TARO The Dragon Boy)
၁၀း၁၅ Antioxidant နှင့်ပတ်သက်သော အကျိုးအပြစ်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၀း၄၅ Sports Diary
၁၁း၁၀ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၁၁း၂၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ. . .
၁၁း၃၅ သင်ကြားရေးလမ်းညွှန် (TALENT'S & MODEL သင်တန်းကျောင်း)
၁၂း၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၂း၁၀ ဉယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့်ပန်းကလေးများ
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (အပြည်ပြည်ဆိုင်ရာကလေးများနေ့ သွေးလှူဒါန်းပွဲ)
၁၂း၄၀ မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁း၀၀ "ဘဝထဲမှာ အနှစ်ရှာ"တရားတော် (ဆရာတော်အရှင်လာဘ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၈)**
၄း၂၀ မူဟန်ကိုယ်စီတေးကိုသီ
၄း၃၅ ရန်ကုန်မြင်ကွင်းကျယ် (အပြည်ပြည်ဆိုင်ရာကလေးများနေ့ သွေးလှူဒါန်းပွဲ)
၄း၄၅ ပန်းတိုင်အထွက်တိုးစေဖို့. . . နွေနှမ်းစိုက်ကြစို့
၅း၀၅ Activities In The City - BDA နှင့် ASEAN တို့ ပူးပေါင်းသည့်ကွမ်းခြံကုန်းမြို့ ASEAN Project အခမ်းအနား -အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ
၅း၄၀ Celebrity Style (စန္ဒာဝင်း)
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဟိုတယ်လမ်းညွှန် (Mandalay Hill)
၆း၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Pannbayin Handicrafts & Furniture)
၆း၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
၈း၀၀ MRTV-4 သတင်း
၈း၃၀ World of Knowledge (Asia's Titanic)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၈)**
၁၀း၀၀ Sunday Talk
၁၀း၅၀ Cartoon Show Time (TARO The Dragon Boy)
၁၁း၃၀ Celebrity Style (စန္ဒာဝင်း)
၁၁း၄၅ Sports World
၁၂း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "နိုင်ငံတကာဆုရမြန်မာ့ တိုင်းရင်းအလှမွေးငါးများ"
၁၂း၂၅ လှော်ကားဉယျာဉ်မှာ အပန်းဖြေရင်း သုတရှာမိုးမယ်
၁၂း၃၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို

သတ္တုတွင်း ဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်တို့၏ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဘော်ဆိုင်းဒေသ ဘော်ဆိုင်းသတ္တုတွင်း စီမံကိန်းအား ခဲသတ္တုသန့်စင် အကြီးစား တူးဖော်ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တို့၏ ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် ဘော်ဆိုင်းဒေသ ဘော်ဆိုင်းသတ္တုတွင်းစီမံကိန်းအား ခဲသတ္တုသန့်စင် အကြီးစား တူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် သတ္တုတွင်းဝန်ကြီး ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအေးထွန်းရွှေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ဘော်ဆိုင်း သတ္တုတွင်းစီမံကိန်းနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအေးထွန်းရွှေက လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ထိပ်တန်းကြယ်ဆယ်ခု ထုတ်လုပ်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာတို့သည် လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးအုန်းမြင့်က ခွင့်ပြုမိန့်များကို ပေးအပ်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့တွင် တစ်နှစ်လျှင် ကားအစီးရေ ၃၀၀၀၀ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်ပြီးစီး၊ နည်းပညာမြင့် မော်တော်ကားများ မြန်မာနိုင်ငံတွင် ပထမဆုံးထုတ်လုပ်ရောင်းချ ပါဝင်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၃၅)ကို ယနေ့ဖြန့်ချိလိုက်သည်။

စစ်မှန်တဲ့အရပ်သား အစိုးရဖြစ်စေချင်တယ်ဆိုတဲ့ ဒီမိုကရက်တစ် (မြန်မာ) ပါတီအတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုနှင့် တွေ့ဆုံခြင်း၊ ပါတီတံဆိပ်အဖြစ် ခမောက်ပုံကို အသုံးပြုရန် အမျိုးသားဒီမိုကရေစီအင်အားစုပါတီက လျှောက်ထားတင်ပြ၊ ရခိုင်ပြည်နယ်၌ စတုတ္ထမြောက်ဆင်ဖြူတော် ရှာဖွေတွေ့ရှိ၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖားကန့်တွင် ရေကြီးခဲ့၊ လုံးချင်းသုံးထပ်တိုက် ဆောက်မည်ဆိုလျှင်၊ ရွှေဈေးနှုန်းကျဆင်းရန် ဆောင်ရွက်ဖို့လို၊ လတ်တလောဖြစ်ပေါ်နေသော ပဲဈေးကွက်၊ မလေးရှားနိုင်ငံတွင် မြန်မာအချင်းချင်း ပြန်ပေးဆွဲသောဂိုဏ်းကို ဖမ်းဆီးရမိ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၁၅၀၀ ပြသရောင်းချမည်၊ ကြည့်မြင်တိုင်မြို့နယ် လဟာပြင်ညဈေးမီးအန္တရာယ် ကင်းရှင်းရေးပြင်ဆင်ဆောင်ရွက်၊ ပန်းထိမ်ငိုပန်းများ ပြည်ပသို့ တင်ပို့မည်၊ ကိုယ်ကျင့်တရားဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို UMFCCI တွင် ကျင်းပပြုလုပ်ခဲ့၊ Chariot ကားပြပွဲအောင်မြင်၊ သုံးရက်အတွင်း ကားအစီးရေ ၁၅၀ ကျော်ရောင်းချခဲ့ရ၊ ငွေမျက်နှာကိုလည်းကြည့်ပါ၊ လူနာမျက်နှာကိုလည်းကြည့်ပါကိုရွှေဆေးခန်းတို့ရယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် မန်လည်ကျေးရွာအနီးတွင် ကျိုက်ထီးရိုးစေတီပုံစံတူ စေတီတစ်ဆူတွေ့ရှိ၊ အမေရိကန်နိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာမော်ဒယ်ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးသုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်၊ ခေတ်နဲ့အညီ ဝတ်စားဆင်ယင်မှု ပြောင်းလဲလာရတာပါလို့ အကြောင်းပြနေမယ်ဆိုရင်၊ အမျိုးသမီးများကို ဓာတ်ပုံခိုးရိုက်လိုသည့် စိတ်ဝေဒနာတစ်မျိုး စင်ကာပူနိုင်ငံသားများ၌ စွဲကပ်နေပြီလော၊ အမေရိကန်-ရုရှား ဟမ်ဘာဂါဒီပလိုမေစီအပြီး ရုရှားသူလျှို ၁၀ ဦး အမေရိကန်တွင် ဖမ်းဆီးရမိမှုက ရုရှား၏ နောက်ကျောဓားနှင့်ထိုးသည့် မဟာဗျူဟာလား၊ ဆိုက်ပရပ်စ်မှ ရုရှားသူလျှို ဘယ်လိုလွတ်မြောက်သွားသလဲ၊ ရုရှားသူလျှိုအယောက် ၃၀၀ ဗြိတိန်နိုင်ငံတွင် ခြေရှုပ်နေ၊ ရုရှားသူလျှိုမယ်က ခန္ဓာကိုယ်ကို အသုံးချပြီး အမေရိကန်မှ ထောက်လှမ်းရေးသတင်း ဘယ်လိုရရှိခဲ့သလဲ စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ကွယ်လွန်သူ မိခင်ကြီး ဒေါ်ရင်မြအား ရည်စူး၍ မြို့မလမ်း ကွမ်းခြံကုန်းမြို့နေ ကျန်ရစ်သူ သားသမီးမြေးတစ်စုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဖွင့်လှစ်သော အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၁/၂၀၁၀)ဆင်းပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမြင့်စိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၇၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ထူးချွန်ဆုရသူများနှင့် အောင်ပွဲရအားကစားသမားများ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ၊ ဝန်ကြီးဌာနအဆင့်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်း ထူးချွန်ဆုရသူများနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပညာရည် ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်ရာ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဇနီး၊ အခွန်အယူခံခုံရုံးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သုံးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီး ဦးလှထွန်း၏ ဇနီး ဒေါ်ခင်သန်းဝင်းတို့က လေးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းက ငါးဘာသာဂုဏ်ထူးရှင် လေးဦးအား ဂုဏ်ပြုထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးဌာနအဆင့်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရရှိကြသော အရာထမ်း၊ အမှုထမ်းများအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတကာအဆင့်နှင့် ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ပထမဆုရ စက်ဘီးအားကစားသမားများအားလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ပထမဆုရ ရိုးရာခြင်းလုံးအားကစားသမားများအား လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိုင်ငံတကာအဆင့်ပြိုင်ပွဲတွင် ပထမဆုရ မသန်စွမ်းအားကစားသမားများနှင့် ပထမဆုရ ပိုက်ကျော်ခြင်းအားကစားသမားများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦးအား ဂုဏ်ပြုထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်းက ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ပထမဆုရ စားပွဲတင်တင်းနစ် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပညာရည်ထူးချွန်ဆုရရှိကြသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် အားကစားထူးချွန်ဆုရ အားကစားသမားများကိုယ်စား စားပွဲတင်တင်းနစ် အားကစားမယ်တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၅

ပြည်ထဲရေးဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၆၇၅ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးမောင်ဦးက အထိမ်းအမှတ် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများက ကျွန်းပင် ၈၂၅ ပင်နှင့် ပျဉ်းကတိုးပင် ၈၅၀ စုစုပေါင်း ၁၆၇၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင်ကျွန်း ဇူလိုင် ၅

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင် သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်၊ စာအုပ်နှင့် စာရေးကိရိယာများပေးအပ်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ပေါ်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ဝင် သားသမီး၊ ကျောင်းသား၊ ကျောင်းသူ ၉၃ ဦး တို့အား မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်း အဆင့်အလိုက် ပညာသင်စရိတ်၊ စာအုပ်နှင့် စာရေးကိရိယာပစ္စည်း စုစုပေါင်းငွေကျပ် ခြောက်သိန်းကျော်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ပေါ်အောင်**(အောက်ပုံ)**နှင့် ရဲအရာရှိများက ပေးအပ်ကြသည်။

(၃၆၄)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မိတ္ထီလာ၌ ဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၅

မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက ရန်မျိုးအောင်ရပ်ကွက် အမှတ်(၁၁၃) အခြေခံပညာမူလတန်းကျောင်း ပတ်ဝန်းကျင်နှင့် အုတ်ကျင်းနယ်မြေအတွင်း ပြုလုပ်ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၅၀ က ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

(၉၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရာသက်ပန်အသင်းဝင် ရှမ်းအိုးစည် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း(ခ) ဦးဇော်ဝင်းထွန်းသည် မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်သို့ (၉၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၈း၅၀ ၁၂။ "ကျွမ်းတိုင်းမကြမ်းနဲ့"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၁၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၃၀ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၂)
- ၅း၄၀ ၉။ မိုးကုတ်မြေမှ စာပေဘဏ်တိုက်တို့အင်အားစာကြည့်တိုက်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒရော၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း) (အပိုင်း-၇)**
- ၂၀။ "ရုပ်ရှင်ပဟေဠိ"
- ၂၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၂၂။ အစီအစဉ်ပြီး၏။

နံနက်ပိုင်း

၇-၇-၂၀၁၀(ဗုဒ္ဓဟူးနေ့)

- ၁း၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥရုဂွေးအသင်းနှင့် နယ်သာလန်အသင်း)**

နိုင်ငံတစ်ဝန်း ဇွန်လအတွင်း မီးလောင်မှုအကြိမ် ၄၀ ဖြစ်ပွားခဲ့

ရန်ကုန် ဇူလိုင် ၅

ဇွန်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု အကြိမ် ၄၀ ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး ၃၂ ကြိမ်၊ အလိုအလျောက် မီးတစ်ကြိမ်၊ လျှပ်စစ်မီး ခုနစ်ကြိမ်ပါဝင်သည်။

မီးလောင်မှုများကြောင့် အိမ်ခြေအဆောက်အအုံ ၄၉၈ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ နှစ်ဦးသေဆုံးခဲ့သည်။

မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၃၂ ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့်ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း ၈၀ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ မန္တလေးတိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၌ တတိယအကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် စစ်ကိုင်းတိုင်း၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် မန္တလေးတိုင်း၌ တတိယဆုံးရှုံးမှုအများဆုံး ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရသည်။

မီးလောင်မှုအကြိမ် ၄၀ ဖြစ်ပွားခဲ့သည့်အနက် ကျေးရွာမီးလောင်မှု ၁၂ ကြိမ် ဖြစ်ပွားခဲ့သဖြင့် ကျေးရွာမီးလောင်မှု ဖြစ်ပွားရခြင်းအခြေအနေသည် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၃၀ရာခိုင်နှုန်းခန့် ပါဝင်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှု ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝါယာမှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း လုပ်ငန်းများကို မီးသတ်ဦးစီးဌာနအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ပန်းဝါလမ်းနေ ဒေါက်တာ ဦးကျော်အား အမှူးထား၍ ဒေါ်ခင်မေတောမိသားစုက တစ်နေ့စာ အထူးအာဟာရနှင့် ဆောက်လုပ်လျက်ရှိသော ဘိုးဘွားရေလှောင်ကန်အတွက် ငွေကျပ်လေးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈) နှစ်နှင့် အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ (7th SEABA U -18) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၅

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ (7th SEABA U -18) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအို၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံသံရုံးတို့မှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကို ကြီးကြပ်ကြမည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်အိမ်ရှင်မြန်မာတို့မှ ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်ထားသော နေရာတို့၌ နေရာယူကြပြီး ဝန်ကြီးသူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အာရှဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးကိုယ်စား အပြည်ပြည်ဆိုင်ရာ အာရှဘတ်စကက်ဘောအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ COL. LEE KAK KWUN က သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တေးသံရှင်များက အဖွင့်သီချင်းနှင့် တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အရုပ်မြန်မာ့ရိုးရာ သူငယ်တော်အကဖြင့် ဖျော်ဖြေကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပထမနေ့ပွဲစဉ်တွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအသင်းက ၇၀ မှတ်၊ ၆၂ မှတ်ဖြင့် အနိုင်ရသည်။

အနိုင်ရရှိသွားသော မြန်မာလူငယ်လက်ရွေးစင် ဘတ်စကက်ဘောအသင်းအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဖိလစ်ပိုင်အသင်းက ၈၇ မှတ်၊ ၅၉ မှတ်ဖြင့် အနိုင်ရရှိသည်။

တတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စင်ကာပူအသင်းက ၄၇ မှတ်၊ ၃၉ မှတ်ဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲတွင် စင်ကာပူနှင့်မလေးရှားအသင်း၊ တတိယပွဲတွင် ထိုင်းနှင့်လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်မြို့နယ် ကတ္တရာလမ်းသစ်နှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၅

မန္တလေးတိုင်း မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာအုပ်စု လီဆူ(၇)မိုင်ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပိန်းပြစ်အောက်ရွာ မူလတန်းလွန်နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာရှေးဦးစွာ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးပြည်စိုး၊ အလှူရှင် မိုးကုတ်မြို့မှ ဦးအောင်သိန်းတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပိန်းပြစ်အောက်ရွာ အမှတ်(၂၄) အခြေခံပညာမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်၊ လက်ထောက်ပညာရေးမှူး ဦးသိန်းစိုးနှင့် အလှူရှင် ဦးအောင်သိန်းတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပပြီး အလှူရှင် ဦးအောင်သိန်း-ဒေါ်ခင်တင့်မိသားစုက ကျောင်းနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်သည်။

ယခု ဖွင့်ပွဲကျင်းပသည့် ကတ္တရာလမ်းသစ်နှင့် ကျောင်းဆောင်သစ်တို့ကို မိုးကုတ်မြို့ အောင်ချမ်းသာရပ်နေ ဦးအောင်သိန်း-ဒေါ်ခင်တင့် မိသားစုက စုစုပေါင်း အလှူငွေကျပ် ၃၃၂ သိန်းကို မတည်လှူဒါန်းခဲ့ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တပ်ကုန်းတွင် သုည ဒသမ ၉၈ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၆၅ လက်မ၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၂ ဒသမ ဝ၉ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ဝ၅ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ရမည်းသင်းမြို့တွင် သုည ဒသမ ၉၄ လက်မနှင့် ပခုက္ကူမြို့တွင် သုည ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်)	၉၂ ဒီဂရီဖာရင်ဟိုက်	၄-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ ဒသမ သုညဒီဂရီစင်တီဂရိတ်)	၇၇ဒီဂရီဖာရင်ဟိုက်	၅-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၁၀၀ရာခိုင်နှုန်း	၅-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၁ ဒသမ ၅ နာရီ	၄-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၅-၇-၂၀၁၀	၂၆ မမ (၁ဒသမဝ၂ လက်မ)	၃၅ မမ (၁ဒသမ၃၈ လက်မ)	၃၄ မမ (၁ဒသမ၃၄ လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၇၉၁ မမ (၃၁ ဒသမ ၁၄ လက်မ)	၉၂၅ မမ (၃၆ ဒသမ ၄၂လက်မ)	၉၆၀ မမ (၃၇ ဒသမ ၈၀ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၄-၇-၂၀၁၀ ရက် ၄း၃၀ နာရီ တွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ဥရုဂွေးကိုကျော်ဖြတ်ပြီး နယ်သာလန် ဗိုလ်လုပွဲတက်နိုင်မည်လား

တောင်အာဖရိကနိုင်ငံမှာ ကျင်းပလျက်ရှိနေတဲ့ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် တောင်အမေရိကဇုန်က ဥရုဂွေးနဲ့ ဥရောပဇုန်က နယ်သာလန်တို့ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

နယ်သာလန်အသင်း၏ အဓိက မောင်းနှင်အားဖြစ်သည့် ကွင်းလယ် ကစားသမား ရှနိုက်ဒါ။

ဥရုဂွေး-နယ်သာလန်
၇-၇-၂၀၁၀(ဗုဒ္ဓဟူးနေ့)
နံနက် ၁ နာရီ

နည်းပြ တာဘာရက်ဇ်ကိုင်တွယ်နေတဲ့ ဥရုဂွေးအသင်းဟာ ခြေစစ်ပွဲကာလ တစ်လျှောက်မှာ ရုန်းကန်ခဲ့ရပေမယ့် ယခုအချိန်မှာ ဗိုလ်လုပွဲနဲ့ လက်တစ်ကမ်းအလိုကို ရောက်ရှိနေပါပြီ။ အုပ်စုကို အလွယ်တကူကျော်ဖြတ်ခဲ့တာ မဟုတ်ပေမယ့် အုပ်စုဗိုလ်ရခဲ့တဲ့ ဥရုဂွေးဟာ ၁၆ သင်းရှုံးထွက်အဆင့်မှာ တောင်ကိုရီးယားနဲ့ ကွာတားဖိုင်နယ်မှာ ဂါနာတို့ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဗန်မားဝစ်ကိုင်တွယ်နေတဲ့ နယ်သာလန်ကတော့ အုပ်စုအဆင့်ကို အလွယ်တကူဖြတ်ကျော်ပြီး အုပ်စုဗိုလ်ရကာ ၁၆ သင်းရှုံးထွက်အဆင့်မှာ ဆလိုဗက်ကီးယားနဲ့ ကွာတားဖိုင်နယ်မှာ အစဉ်လာကြီးမားတဲ့ ဘရာဇီးကို နောက်ကောက်ချပြီး ယခုအကြိုဗိုလ်လုပွဲကို တက်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

တိုက်စစ်အားနည်း

ကမ္ဘာ့ဖလားချန်ပီယံဆုကို နှစ်ကြိမ်ရထားဖူးတဲ့ ဥရုဂွေးရဲ့လက်ရှိပြိုင်ပွဲဝင်လူစာရင်းမှာ ဒီယေဂိုဖော်လန်၊ ဖာနန်ဒက်ဇ်၊ ကာဗာနီ၊ ပီရက်ဇ်၊ လူဂါနိုနဲ့ ဖူစီလီတို့လောက်သာ လောက်လောက်လားလားရှိနေပြီး တိုက်စစ်မှာ အားထား

ဥရုဂွေးတိုက်စစ်ကို ဦးဆောင်လာမည့် ဝါရင့်တိုက်စစ်မှူး ဒီယေဂိုဖော်လန်။

ရတဲ့ ဆူရာရက်ဇ် အနီကတ်ထိထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဥရုဂွေးတိုက်စစ်အားနည်းလာဖွယ် ရှိနေပါတယ်။

နယ်သာလန်ဟာ ကမ္ဘာ့ဖလား ချန်ပီယံမဖြစ်ဖူးပေမယ့် ဗိုလ်လုပွဲကို နှစ်ကြိမ်တက်ရောက်ခဲ့ဖူးပါတယ်။ ဒါကြောင့် နယ်သာလန်ဟာ ရော်ဘင်၊ ရှနိုက်ဒါ၊ ဘွန်မဲလ်၊ ဗန်ပါစီ၊ ဒီဂျုန်းနဲ့ ဒရက်ကောက်တို့အားနဲ့ ဗိုလ်လုပွဲကို သုံးကြိမ်မြောက်တက်ရောက်နိုင်အောင် ကြိုးစားလာဦးမှာ ဖြစ်ပါတယ်။

ဗိုလ်လုပွဲတက်ဖွယ်ရှိ

ဒီနှစ်သင်းရဲ့ ကစားသမားအင်အား၊ လက်ရှိခြေစွမ်းနဲ့ ရလဒ်ပိုင်းကိုကြည့်ရင် နယ်သာလန်က ဥရုဂွေးထက် အစစအရာရာ သာလွန်မှုရှိနေပါတယ်။ ဒ့ါပြင် နယ်သာလန်မှာ ညာတောင်ပံကစားသမား ရော်ဘင် အထူးခြေစွမ်းပြနေသလို နယ်သာလန်ရဲ့ ကွင်းလယ်မောင်းနှင်အားဖြစ်တဲ့ ရှနိုက်ဒါကလည်း အကောင်းဆုံးပုံစံမှာရှိနေပြီး ဂိုးတွေရယူပေးနေပါတယ်။

ဒါကြောင့် ဒီပွဲဟာ မိနစ် ၉၀ အတွင်း အဖြေပေါ်ပြီး နယ်သာလန်သာ နောက်ဆုံးဗိုလ်လုပွဲကို တက်သွားဖွယ်ရာ ရှိနေပါတယ်။

ဝင်းတင် (ကြေးမုံ)

ရာဖေးနာဒယ်လ် ဝင်ဘယ်ဒန်အိုးပင်း ချန်ပီယံဆုဆွတ်ခူး

လန်ဒန် ဇူလိုင် ၅

ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲစဉ်အဖြစ် ဘာဒက်ချ်နှင့် ရာဖေးနာဒယ်လ်တို့ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးနာဒယ်လ်က ၆-၃၊ ၇-၅၊ ၆-၄ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ယခုဗိုလ်လုပွဲကို တက်လာနိုင်ခဲ့သည့် ဘာဒက်ချ်သည် ကွာတားဖိုင်နယ်အဆင့်တွင် တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားကို ၆-၄၊ ၃-၆၊ ၆-၁၊ ၆-၄နှင့် ဆီမီးဖိုင်နယ်တွင် ဂျိုကိုဗစ်ကို ၆-၃၊ ၇-၆၊ ၆-၃ တို့ဖြင့် အသီးသီးအနိုင်ရကာ တက်လာခဲ့ခြင်းဖြစ်ပြီး ရာဖေးနာဒယ်လ်ကမူ ကွာတားဖိုင်နယ်တွင် ဆိုဒါလင်းကို ၃-၆၊ ၆-၃၊ ၇-၆၊ ၆-၁နှင့် ဆီမီးဖိုင်နယ်တွင် အင်ဒီမာရေးကို ၆-၄၊ ၇-၆၊ ၆-၄ တို့ဖြင့် အနိုင်ရကာ တက်လာခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



ရာဖေးနာဒယ်လ်အား ဝင်ဘယ်ဒန်ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကမန်အမျိုးသားတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၇၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ်(၇၉/၂၀၁၀)

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်)

ကမန်အမျိုးသားတိုးတက်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၆၀)၊ (၄-လွှာ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကမန်အမျိုးသားတိုးတက်ရေးပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၆) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇွန် ၂၉ ရက်တွင် **မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ-ခ-မ-ည-ဖ)** MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) ပါတီက လည်းကောင်း၊ ယနေ့တွင် **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ** ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၅-၇-၂၀၁၀)

နေပြည်တော်တပ်ကုန်း	**သုည ဒသမ ၉၈ လက်မ**		**ဟုမ္မလင်း**	**၂ ဒသမ ၀၅ လက်မ**
ညောင်တုန်း	**၂ ဒသမ ၆၅ လက်မ**		**ခန္တီး**	**၁ ဒသမ ၉၇ လက်မ**
စစ်တွေ	**၂ ဒသမ ၀၉ လက်မ**		**ရမည်းသင်း**	**သုည ဒသမ ၉၄ လက်မ**
ကျောက်ဖြူ	**၂ ဒသမ ၀၉ လက်မ**		**ပခုက္ကူ**	**သုည ဒသမ ၄၃ လက်မ**